# ကံမမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ

## ဒေသသမိုင်း

သက္ကရာဇ် (၅၂၈) ခုနှစ်တွင် အလောင်းစည်သူမင်းကြီးသည် ဖောင်တော်ဖြင့် ဧရာဝတီမြစ်အတိုင်း စုံဆင်းလာရာ မြို့နယ်နေရာအနီးတွင် ဖောင်တော်ရပ်တန့်နေသဖြင့် အကြောင်းကိုစုံစမ်း၍ ဖောင်တော်အောက် တည့်တည့်ရှိ ဗုဒ္ဓရုပ်ပွားတော်ကို ပင့်တင်ပြီးလျှင် ဌာပနာကာ စေတီတည်သည်။ ထိုစေတီကို ဘုရားပေါ်ဘုရားဟူ၍ဘွဲ့ချည်၍ မြို့အမည်ကိုလည်း ကံကောင်းထောက်မစွာ ဘုရားရုပ်ပွားတော်ကို ဖူးတွေ့ရသောကြောင့် ကံမမြို့ဟု ခေါ်တွင်ခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ၏ (၇-၇-၇၂)ရက်စွဲပါ အမိန့်ကြော်ငြာစအမှတ်၊ ၂၅၈ဖြင့်ရပ်ကွက် (၁၁)ရပ်ကွက်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ (၂၈-၈-၇၃) ရက်နေ့တွင် အမိန့်ကြေငြာစာအမှတ်၊ ၅၃၈ (ပြင်ဆင်ချက်)ဖြင့် (၄)ရပ်ကွက် ပြုပြင်ဖွဲ့စည်းထားသော မြို့နယ်ဖြစ်ပါသည်။

## တည်နေရာအကျယ်အဝန်း

ကံမမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်းတွင်ရှိပြီး မကွေးတိုင်းဒေသကြီး၏တောင်ဘက် အစွန်ဆုံးမြို့ သရက်ခရိုင်အတွင်း တည်ရှိသည်။ မြောက်လတ္တီတွဒ် ၁၈-၄၉' မှ ၂၀-၁၂' အကြား၊ အရှေ့ လောင်ဂျီတွဒ် ၄၉-၄၀' မှ ၉၅ - ၁၀' အတွင်းကျရောက်ပြီး ဧရိယာအားဖြင့် (၂၈၄၉၇၈)ဧကေ၊ စတုရန်းမိုင်အားဖြင့် (၄၄၅.၂၈)မိုင် ရှိပါသည်။ အရှေ့နှင့်အနောက် (၂၉)မိုင်၊ တောင်နှင့်မြောက် (၂၃)မိုင်ရှိပါသည်။

## နယ်နိမိတ်

ကံမမြို့နယ်သည် မြောက်ဘက်တွင် သရက်မြို့နယ်၊ ပြရေကျေးရွာနှင့် မင်းတုန်းမြို့နယ်၊ စပါးတန်းကျေးရွာ၊ အရှေ့ဘက်တွင် ဧရာဝတီမြစ်၊ အောင်လံမြို့နယ်၊ ပြလို့ကျေးရွာ၊ ပြည်မြို့နယ်၊ သဲဖြူကျေးရွာ၊ တောင်ဘက်တွင် ပန်းတောင်းမြို့နယ် ရွာသာယာကျေးရွာ၊ ကျီးပင်ကျေးရွာ၊ အနောက်ဘက်တွင် တောင်ကုတ်မြို့နယ်တို့နှင့် ဆက်စပ်တည်ရှိပါသည်။

## မြေပြင်အခြေအနေ

ကံမမြို့နယ်သည် မြန်မာနိုင်ငံ အလယ်ပိုင်း တာရှချီချိုင့်ဝှမ်း အတွင်းကျရောက်တည်ရှိနေသည်။ မြေပြင်မှာ အနောက်ဘက်တောင်တန်းဒေသ (ရခိုင်ရိုးမ)၏ လက္ခဏာများနှင့် မြစ်ဝှမ်းမြေနိမ့်ဒေသ လက္ခဏာများရောယှက်လျှက်ရှိပါသည်။ ကံမမြို့နယ်ဧရိယာ၏ ၅ ပုံ ၄ ပုံတွင် တောင်တန်းတောင်ကုန်းများ လှိုင်းတွန့်မျက်နှာပြင်များနှင့် ချိုင့်ဝှမ်းများရှိနေသည်။

## ရေဆင်း

ဧရာဝတီမြစ်သည် ကံမမြို့နယ်တွင် အဓိကဖြစ်ပြီး ယင်းမြစ်သည် ကံမမြို့နယ်၏ အရှေ့ဘက်၊ နယ်နိမိတ်တလျှောက် မြောက်မှတောင်သို့ဖြတ်သန်း စီးဆင်းသည်။

ပင်လယ်ရေမျက်နှာပြင်အမြင့်

ကံမမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက်ပေ (၁၃၉.၀၀၄)ပေတွင် တည်ရှိသည်။

**ရာသီဥတု**

ကံမမြို့နယ်၏ ရာသီဥတုမှာ အကူးအပြောင်းရာသီဥတု အမျိုးအစားဖြစ်သည်ပြီး ပျမ်းမျှအမြင့်ဆုံး အပူချိန်မှာ (၂၀ ့) C နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၅ ့) C ဖြစ်ပါသည်။

**သဘာဝပေါက်ပင်များ**

ကံမမြို့နယ်တွင် ကျွန်း၊ စစ်၊ တီ၊ တောင်စကိုင်း၊ ထောက်ကြံ့၊ ထနောင်း၊ ဒဟပ်၊ ဒီးဒူး၊ နှော၊ ပိတောက်၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ မျောက်ချော၊ ရှား၊ သစ်ရာ၊ သန်း၊ အင်ကြင်း၊ အင်၊ ယင်းမာနှင့် ဝါးအမျိုးမျိုး ပေါက်ရောက်လျက်ရှိသည်။

**တောရိုင်းတိရစ္ဆာန်များ**

ကံမမြို့နယ်တွင် တောကြောင်၊ မြွေပွေး၊ မြွေဟောက်၊ငန်းတော်ကျား၊ ငန်းစောင်း၊ ငန်းပုပ်၊ လင်းမြွေ၊ စပါးကြီး၊ စပါးအုံးမြွေများရှိပါသည်။

**သဘာဝပန်ဝန်းကျင်လက်ရှိအခြေအနေ**

ကံမမြို့နယ်သည် သဘာဝတောများ ဖုံးလွှမ်းမှုကေသည် ဒေသအနှံ့ရှိပြီး သစ်ကြီးဝါးကြီးများ ထူထပ်စွာပေါက်ရောက်သော ဒေသဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာပေးဟောပြောခြင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှကျွန်းအစားထိုးပင်များစိုက်ပျိုးခြင်း၊အခြားအဖိုးတန် သစ်ပင်များ စိုက်ပျိုးခြင်းများ ပြုလုပ်ဆောင်ရွက်ပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

ကံမမြို့နယ်တွင် မိုးတွင်းကာလရေကြီးမှုများ မဖြစ်ပွားစေရေးအတွက် ဒေသခံ ပြည်သူများအား လှုံဆော်ပေးခြင်း၊ပူပြင်းခြောက်သွေ့သည့်ရာသီတွင်လည်း မီးဘေးအန္တရာယ်ကာကွယ်ရေးသတိပေးနှိုးဆော် ချက်များကို သက်ဆိုင်ရာ ရပ်ကွက်၊ကျေးရွာအလိုက်အသံချဲ့စက်ဖြင့် လိုက်လံဆော်ဩပေးလျက်ရှိပါသည်။

**လူဦးရေးဆိုင်ရာအချက်အလက်များ**

ကံမမြို့နယ်တွင်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | လူမျိုး | လူဦးရေ |
|---|---|---|
| ၁ | ကရင် | ၆ |
| ၂ | ချင်း | ၅၃၉၅ |
| ၃ | ဗမာ | ၇၀၁၀၄ |
| ၄ | ရခိုင် | ၂၁ |
| ၅ | ရှမ်း | ၃ |
| | **မြို့နယ်ချုပ်** | **၇၅၅၂၉** |

**အိမ်ခြေ ၊ အိမ်ထောင်စု ၊ လူဦးရေ**

ကံမမြို့နယ်၏ ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလကုန်ထိ လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အိမ်ခြေ/အိမ်ထောင်စု

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု |
|---|---|---|---|
| ၁ | မြို့ပေါ် | ၁၃၈၁ | ၁၃၄၀ |
| ၂ | ကျေးရွာ | ၁၉၇၂၃ | ၂၀၄၃၁ |
| | မြို့နယ်ချုပ် | ၂၁၁၀၄ | ၂၁၇၇၁ |

(ခ) လူဦးရေ

| စဉ် | အကြောင်းအရာ | အသက်(၁၈)နှစ်အထက် | | | အသက်(၁၈)နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြို့ပေါ် | ၁၇၃၅ | ၂၁၉၁ | ၃၉၂၆ | ၅၂၈ | ၅၂၈ | ၁၀၅၆ | ၂၂၆၃ | ၂၇၁၉ | ၄၉၈၂ |
| ၂ | ကျေးရွာ | ၂၄၈၃၅ | ၂၈၀၈၃ | ၅၂၉၁၈ | ၈၉၉၄ | ၈၇၇၁ | ၁၇၇၆၅ | ၃၃၈၂၉ | ၃၆၈၅၄ | ၇၀၆၈၃ |
| | မြို့နယ်ချုပ် | ၂၆၅၇၀ | ၃၀၂၇၄ | ၅၆၈၄၄ | ၉၅၂၂ | ၉၂၉၉ | ၁၈၈၂၁ | ၃၆၀၉၂ | ၃၉၅၇၃ | ၇၅၆၆၅ |

**အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များ**

မြို့နယ်အုပ်ချုပ်ရေးမှူး(၁)ဦး၊ မြို့နယ်ရုံး(၁)ရုံး၊ ရပ်ကွက်ရုံး(၄)ရုံး နှင့်ကျေးရွာအုပ်စုရုံး(၅၂)ရုံး

**ကံမမြို့နယ်ရှိဌာနဆိုင်ရာများ**

၁။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၃။ စီမံကိန်း
၄။ မြို့နယ်တရားရုံး
၅။ မြို့နယ်ဥပဒေရုံး
၆။ ပညာရေး
၇။ မြို့နယ်စာရင်းစစ်ရုံး
၈။ စိုက်ပျိုးရေးလုပ်ငန်း
၉။ လ-ဝ-က
၁၀။ တိ/ မွေး/ကု
၁၁။ လမ်းဦးစီးဌာန
၁၂။ ကျန်းမာရေး
၁၃။ ကျေးလက်ဖွံ့ဖြိုးရေး

၁၄။ မြို့နယ်ကော်မရှင်

၁၅။ လယ်ဖွံ့/ဘဏ်

၁၆။ အထူးစုံစမ်းရေးဦးစီးဌာန

၁၇။ မီးသတ်ဦးစီးဌာန

၁၈။ စည်ပင်သာယာရေးအဖွဲ့

၁၉။ ပြန်/ဆက်

၂၀။ သမဝါယမဦးစီးဌာန

၂၁။ လယ်/စီ စာရင်းအင်း

၂၂။ ဆက်သွယ်ရေး တယ်လီဖုန်း

၂၃။ ဆက်သွယ်ရေးစာတိုက်

၂၄။ သစ်တော

၂၅။ စိမ်းစို

၂၆။ မြန်မာ့လျှပ်စစ်လုပ်ငန်း

၂၇။ အား/ကာ

၂၈။ မြန်မာ့စီးပွားရေးဘဏ်

**နိုင်ငံရေးပါတီများ**

၁။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

၄။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

၅။ အရှိုချင်းအမျိုးသားပါတီ

၆။ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ

၇။ ညီညွတ်သောဒီမိုကရက်တစ်ပါတီ

၈။ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ

**ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ**

၁။ ဦးစိန်ဟန် (ပြည်သူ့လွှတ်တော်) NLD ပါတီ

၂။ ဒေါ်သန်းသန်းအေး (အမျိုးသာလွှတ်တော်) NLD ပါတီ

၃။ ဦးဇော်ဝင်း (တိုင်းဒေသကြီး -၁) NLD ပါတီ

၄။ ဦးမြင့်အောင်(တိုင်းဒေသကြီး -၂) NLD ပါတီ

၅။ ဦးလှထွန်း(ချင်းတိုင်းရင်းသား) NLD ပါတီ

**စီးပွားရေးဆိုင်ရာအချက်အလက်**

**စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက်**

ကံမမြို့နယ်သည် သရက်ခရိုင် မကွေးတိုင်းဒေသကြီး အတွင်းတည်ရှိပြီး စီးပွားရေးအရ စိုက်ပျိုးရေးကိုသာ အဓိကဆောင်ရွက်သော မြို့နယ်ဖြစ်ပါသည်။ အဓိက ထွက်ကုန်မှာ စပါး၊ မြေပဲ ၊နှမ်းနှင့်ပဲမျိုးစုံတို့ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ အများဆုံး တင်ပို့ရောင်းချပါသည်။ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့၊ သရက်ခရိုင် သရက်မြို့နှင့် မင်းတုန်းမြို့သို့လည်း ဒေသထွက် ဆန်စပါးများတင်ပို့ရောင်းချပါသည်။

**စီးပွားရေးဆိုင်ရာအခြေခံအဆောက်အဦများ**

**ကုမ္ပဏီပွဲရုံများ ၊ စျေးနှင့်ကုန်တိုက်များ**

ကံမမြို့နယ်တွင် ကုမ္ပဏီ မရှိပါ။

**ပွဲရုံများနှင့်တည်နေရာ**

၁။ ဦးခိုင်ကိုဝင်း (အမှတ်-၂ ရပ်ကွက်)

၂။ ဦးခင်မောင်မြင့် (အမှတ်-၄ ရပ်ကွက်)

**စျေးများနှင့်တည်နေရာ**

မြို့မစျေး ၊ အမှတ်(၃) ရပ်ကွက်

**ကုန်တိုက်များနှင့်တည်နေရာ**

ကံမမြို့နယ်တွင် ကုန်တိုက်များ မရှိပါ။

**ဘဏ်များ**

မြန်မာ့စီးပွားရေးဘဏ်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

**စတိုးဆိုင်နှင့်အရောင်းဆိုင်များ**

၁။ စတိုးဆိုင်(၁၀)ဆိုင်

၂။ ရွှေဆိုင်(၅)ဆိုင်

၃။ လျှပ်စစ်ပစ္စည်းဆိုင်(၂)ဆိုင်

၄။ ဖုန်း/ ဖုန်းပစ္စည်းအရောင်းဆိုင်(၆)ဆိုင်

၅။ စာအုပ်ဆိုင် (၁)ဆိုင်

၆။ ဆေးဆိုင် (၆)ဆိုင်

၇။ စားသောက်ဆိုင် (၁၄)ဆိုင်

၈။ လွှက်ရည်ဆိုင် (၄)ဆိုင်

၉။ ကုန်မာဆိုင် (၅၀)ဆိုင်

၁၀။ စိုက်ပျိုးရေးပစ္စည်းဆိုင်(၄)ဆိုင်

၁၁။ ဆောက်လုပ်ရေးပစ္စည်းဆိုင် (၅)ဆိုင်

၁၂။ ဝန်ဆောင်မှုလုပ်ငန်းဆိုင် (၅၈)ဆိုင်

၁၃။ ဆန်ဆိုင် (၂)ဆိုင်

၁၄။ အဝတ်အထည်ဆိုင် (၄)ဆိုင်

၁၅။ နိဗ္ဗာန်ကုန်ဆိုင် ( -)

**မြေအသုံးချမှု**

၁။ အသားတင်စိုက်ပျိုးမြေ (၅၇၆၈၇) ဧက

(က) လယ်မြေ (၂၁၀၈၅) ဧက

( ခ) ယာမြေ (၂၆၂၅၁) ဧက

( ဂ) ကိုင်း/ကျွန်းမြေ (၁၀၂၂၁) ဧက

(ဃ) ဥယျာဉ်မြေ ( ၁၃၀) ဧက

၂။ ကြိုးဝိုင်း / ကြိုးပြင် ကာကွယ်တောမြေ ( ၇၂၀၉၄) ဧက

၃။ တောရိုင်းမြေ (၁၁၀၁၄၄) ဧက

၄။ မြေရိုင်း (၁၉၅၅၂) ဧက

၅။ စိုက်ပျိုးခြင်းမပြုနိုင်သောမြေ ( ၂၅၅၀၁) ဧက

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

(က) အစိုးရဆည်များ

မဒေးဆည် မြေသားတမံ အကျိုးပြု ဧက (၂၆၅၄) ဧက

(ခ) ကိုယ်အားကိုယ်ကိုးဆည်များနှင့်အကျိုးပြုဧက

၁။ ပေါက်မဆည် (၂၅၀)ဧက

| | |
|---|---|
| ၂။ သားရဲတွင်းဆည် | (၁၀၀)ကေ |
| ၃။ တောင်တော်ဆည် | (၄၃၀) ကေ |
| ၄။ ငွေလေးဆည် | (၂၅၀) ကေ |
| ၅။ ရုက္ခစိုးဆည် | (၆၄) ကေ |
| ၆။ လဲပင်ဆည် | (၅၄) ကေ |
| ၇။ တင်းတော်ဆည် | (၄၈) ကေ |
| ၈။ သပြင်ဆောင်ဆည် | (၂၅၀)ကေ |
| ၉။ ထောက်ကြံ့ကွင်းဆည် | (၅၀) ကေ |
| ၁၀ ။ အလပ်လယ်ရေလွှဲဆည် | (၆၀)ကေ |
| ၁၁။ ညောင်ခုံဆည် | (၁၄၁)ကေ |
| ၁၂။ အိုင်မဆည် | (၁၇၂)ကေ |
| ၁၃။ ကရင်စုမြောင်းဆည် | (၁၅)ကေ |
| ၁၄။ ညောင်ကိုင်းရေလွှဲဆည် | (၁၂၅) ကေ |
| ၁၅။ ဝါးတူးတောင်ဆည် | (၆၄၀) ကေ |
| ၁၆။ မိုးကောင်းဆည် | (၃၀၀)ကေ |

**သစ်တောများ**

ကံမမြို့နယ် မဒေးသစ်တောကြိုးဝိုင်းသည် (၂၈၉၉၆) ကေ ရှိပြီး ကျွန်း၊ ပျဉ်ကတိုး၊ ဘင်္ဂတို့ ပေါက်ရောက်ပြီး မဒေးတိုးချဲ့ကြိုးဝိုင်း (၁၆၃၇၂) ကေ တွင် နှော၊ ဒီးဒူး၊ ချဉ်ယုတ်၊ လိန်တုန်းကြိုးဝိုင်း (၄၆၈၁) ကေ တွင် နဘဲ၊ ထောက်ကြန့်၊ လိန်တုန်းတိုးချဲ့ကြိုးဝိုင်းတွင် (၈၁၅၈) ကေ တွင် ဖန်ခါး၊ သစ်ရာ၊ ရှား၊ အင်ကြင်း၊ မုန်းဒါးကြိုးဝိုင်း (၇၄၅၇) ကေတွင် အင်ကြင်း၊ ဝေက်ကြိုးဝိုင်း (၂၉၃၀) ကေတွင် မျှင်ဝါး၊ သိုက်ဝါး၊ တင်းဝါး၊ ကြက်သောင်းဝါး၊ ကရင်ဝါးတို့ပေါက်ရောက်ပါသည်။

**ဓါတ်အားခွဲရုံ အမည်နှင့်ဖြန့်ဖြူးသည့် ဓါတ်အား(KW)**

စီဓါတ်အားခွဲရုံ (3978.6 KW)

**ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း**

ရေကြောင်းလမ်း

၁။ ကံမ-ပြည်

၂။ ကံမ -ကျောက်စွာ

**ကားဂိတ်များနှင့်ပြေးဆွဲသည့် ခရီးစဉ်**

၁။ ကံမ - သရက် - မင်းလှ - မကွေး

၂။ ကံမ - ပြည်

၃။ သရက်- ကံမ - ရန်ကုန်

**စိုက်ပျိုးရေးလုပ်ငန်း**

စိုက်ပျိုးထုတ်လုပ်သည့် အဓိက သီးနှံ (၁၀)မျိုးမှာ စပါး ၊ မြေပဲ ၊ နှမ်း ၊နေကြာ ၊ မတ်ပဲ ၊ ပဲတီစိမ်း ၊ ပဲစင်းငုံ ၊ ဝါ ၊ ကြံ ၊ အစေ့ထုတ်ပြောင်းတို့ ဖြစ်ပါသည်။

**နှစ်ရှည်သီးနှံစိုက်ပျိုးမှု ဧက**

ကံမမြို့တွင် လျှော်ဖြူ (၆၃)ဧက စိုက်ပျိုးပြီး အခြား ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးမှု မရှိပါ။

**စက်မှုလက်မှုကဏ္ဍ**

ကံမမြို့နယ်တွင်စက်မှုဇုန် စက်ရုံ၊ အလုပ်ရုံ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ မရှိပါ။

**တံတားများ**

**ပေ (၁၈၀)အထက်တံတားများ**

၁။ ရေနံ့သာတံတား (၇၀၀)ပေ ဘေလီတံတား

၂။ ကဒူးပြင်တံတား(၃၀၀)ပေ ကွန်ကရစ်တံတား

၃။ သပြေကိုင်းတံတား(၂၂၀)ပေ ကွန်ကရစ်တံတား

**ဟိုတယ်နှင့်တည်းခိုခန်း**

ကံမမြို့တွင် တည်းခိုခန်း (၁)ခုရှိပါသည်။

**ပညာရေးကဏ္ဍ**

**အခြေခံပညာ**

(၁) အ-ထ-က ကျောင်းများ

| စဉ် | ကျောင်းအမည် | တည်နေရာ |
|---|---|---|
| ၁။ | အ-ထ-က (ကံမ) | အမှတ် (၄) ရပ်ကွက် |
| ၂။ | အ-ထ-က (ရေနံ့သာ) | ရေနံ့သာရွာ |
| ၃။ | အ-ထ-က (ကြို့ပင်) | ကြို့ပင်ရွာ |

၄။ အ-ထ-က (အင်းဘဲ) အင်းဘဲရွာ

၅။ အ-ထ-က (ကျောက်စောင်း) ကျောက်စောင်းရွာ

(၂) အ-ထ-က ကျောင်း (ခွဲ)များ

| စဉ် | ကျောင်းအမည် | တည်နေရာ |
|---|---|---|
| ၁။ | အ-ထ-က(ခွဲ)စစ္စရံ | စစ္စရံကျေးရွာ |
| ၂။ | အ-ထ-က(ခွဲ)ကျောက်မဲ | ကျောက်မဲကျေးရွာ |
| ၃။ | အ-ထ-က(ခွဲ)ခြောက်ပင် | ခြောက်ပင်ကျေးရွာ |
| ၄။ | အ-ထ-က(ခွဲ)ပုထိုး | ပုထိုးကျေးရွာ |

(၃) အ-လ-က ကျောင်းများ

| စဉ် | ကျောင်းအမည် | တည်နေရာ |
|---|---|---|
| ၁။ | အ-လ-က (ဓမ္မသော်) | ဓမ္မသော်ကျေးရွာ |
| ၂။ | အ-လ-က (လိန်တုန်း) | လိန်တုန်းကျေးရွာ |
| ၃။ | အ-လ-က (ပြောင်ကျ) | ပြောင်ကျကျေးရွာ |
| ၄။ | အ-လ-က (အင်းကြီးကုန်း) | အင်းကြီးကုန်းကျေးရွာ |

(၄) အ-လ-က ကျောင်း(ခွဲ)များ

| စဉ် | ကျောင်းအမည် | တည်နေရာ |
|---|---|---|
| ၁။ | အ-လ-က (ခွဲ) မြဝတီ | မြဝတီကျေးရွာ |
| ၂။ | အ-လ-က (ခွဲ) ပေပင် | ပေပင်ကျေးရွာ |
| ၃။ | အ-လ-က (ခွဲ)ထောက်မ | ထောက်မကျေးရွာ |
| ၄။ | အ-လ-က (ခွဲ)အလယ်ချောင်း | အလယ်ချောင်းကျေးရွာ |
| ၅။ | အ-လ-က (ခွဲ)အင်ဘက်တော | အင်ဘက်တောကျေးရွာ |
| ၆။ | အ-လ-က (ခွဲ)မုန်းဒါး | မုန်းဒါးကျေးရွာ |
| ၇။ | အ-လ-က (ခွဲ)သာဇီ | သာဇီကျေးရွာ |

(၅) မူလတန်းလွန်ကျောင်း (၁၁)ကျောင်း ရှိပါသည်။

**အ-မ-က ကျောင်းများ**

အ-မ-က ကျောင်း (၉၇) ကျောင်း နှင့် မူလတန်းကြို့ကျောင်း (၄)ကျောင်း ရှိပါသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မရှိပါ။

**ကျန်းမာရေးကဏ္ဍ**

**ဆေးရုံများ**

| စဉ် | ဆေးရုံအမည် | တည်နေရာ |
|---|---|---|
| ၁။ | ပြည်သူ့ဆေးရုံ | ကံမမြို့ |
| ၂။ | ရေနံ့သာတိုက်နယ် | ရေနံ့သာကျေးရွာ |
| ၃။ | ကြို့ပင်တိုက်နယ် | ကြို့ပင်ကျေးရွာ |

**ကျေးလက်ကျန်းမာရေးဌာနခွဲ**

| စဉ် | ကျေးလက်ကျန်းမာရေးဌာနခွဲအမည် |
|---|---|
| ၁။ | ရေနံ့သာတိုက်နယ်ကျန်းမာရေးဌာနခွဲ |
| ၂။ | ခြောက်ပင်ကျေးရွာကျန်းမာရေးဌာနခွဲ |
| ၃။ | ကျွန်းတောကုန်းကျေးရွာကျန်းမာရေးဌာနခွဲ |
| ၄။ | တောင်တီးကျေးရွာကျန်းမာရေးဌာနခွဲ |
| ၅။ | ကျောက်စောင်းကျေးရွာကျန်းမာရေးဌာနခွဲ |
| ၆။ | အင်ဘက်တောကျေးရွာကျန်းမာရေးဌာနခွဲ |
| ၇။ | တောင်မြင့်ကျေးရွာကျန်းမာရေးဌာနခွဲ |
| ၈။ | အင်းကြီးကုန်းကျေးရွာကျန်းမာရေးဌာနခွဲ |
| ၉။ | လင်းကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၀။ | နတ်မီးတောက်ကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၁။ | အင်းဘဲကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၂။ | မင်းပြင်ကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၃။ | ဓမ္မသော်ကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၄။ | ဂုန်းသောင်ကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၅။ | ထန်းလေးပင်ကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၆။ | ကျွန်းကလေးကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၇။ | စစ္စရုံကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၈။ | ဝဲကြီးကျေးရွာကျန်းမာရေးဌာနခွဲ |
| ၁၉။ | ညောင်ကိုင်းကျေးရွာကျန်းမာရေးဌာနခွဲ |
| ၂၀။ | သစ်မယ်ဇီကျေးရွာကျန်းမာရေးဌာနခွဲ |

၂၁။ ကိုင်းဒေါင့်ကျေးရွာကျန်းမာရေးဌာနခွဲ

၂၂။ စပယ်ခြံကျေးရွာကျန်းမာရေးဌာနခွဲ

၂၃။ ကြို့ပင်ကျေးရွာကျန်းမာရေးဌာနခွဲ

၂၄။ ပျဉ်ထောင်ကျေးရွာကျန်းမာရေးဌာနခွဲ

၂၅။ ထန်းကောက်ကျေးရွာကျန်းမာရေးဌာနခွဲ

၂၆။ သာဇီကျေးရွာကျန်းမာရေးဌာနခွဲ

၂၇။ ကျောက်မဲကျေးရွာကျန်းမာရေးဌာနခွဲ

**ဒေသတွင်းအများဆုံးဖြစ်တတ်သောရောဂါများ**

ငှက်ဖျား ၊ ဝမ်းလျှော၊ တီဘီ၊ ဝမ်းကိုက် ၊ အသည်းရောင်၊

**ဘာသာရေးဆိုင်ရာ အချက်အလက်များ**

**ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံများ**

ကံမမြို့နယ်တွင် ဘုရား(၃၃)ဆူ ၊ စေတီ (၂၅၈)ဆူ၊ ဘုန်းတော်ကြီးကျောင်း (၁၅၉)ကျောင်းရှိပါသည်။

**ထင်ရှားသည့် ဘုရားစေတီပုထိုးများ**

| စဉ် | ဘုရားစေတီပုထိုးအမည် | တည်နေရာ |
|---|---|---|
| ၁။ | ဘုရားပေါ်စေတီ | အမှတ်(၁)ရပ်ကွက် |
| ၂။ | သက်န်းနက်ဘုရား | အမှတ်(၁)ရပ်ကွက် |
| ၃။ | ကျိုက်ထီးရွက်ဘုရား | ကျောက်ပဒေါင်းကျေးရွာ |
| ၄။ | ရတနာမာန်အောင်ငါးထပ်ကြီးဘုရား | အမှတ်(၂)ရပ်ကွက် |
| ၅။ | ရွှေစည်းခုံဘုရား | အမှတ်(၂)ရပ်ကွက် |

**အခြားဘာသာရေးအဆောက်အအုံများ**

ကံမမြို့နယ်တွင် အစ္စလာမ်ဘာသာ (ဗလီ) (၁)ကျောင်းသာ ရှိပါသည်။

# ကံမမြို့နယ်မြေပုံ




ရည်ညွှန်းချက်

- မြို့နယ်နယ်နမိတ်
- ကျေးရွာအုပ်စုနယ်နမိတ်
- ကျေးရွာအုပ်စုတည်နေရာ
- ကျေးရွာတည်နေရာ
- မြစ် / ချောင်း
- ကားလမ်း
- ရထားလမ်း